# သမိုင်းတာစ

တကယ်တော့
မတ်လဟာ
အမှတ်တရတွေကို
ထမ်းပိုးသယ်ဆောင်ခဲ့ရတဲ့
ပြက္ခဒိန်တချပ်ရဲ့
တာဝန်အကျေဆုံး
အမွန်မြတ်ဆုံးလ တလပါဘဲ။
ဆရာဒဂုန်တာရာက
သူ့သမိုင်းကို
အလင်္ကာလှိုင်းနဲ့
ရက်ချယ်ဖွဲ့သီ

"နှင်းယွန်းတော့မည်
မြူဝတ်မေးလည်း
ဖြေးဖြေးသက်ဆင်း
________________
မတ်လတော်လှန်ရေးတဲ့၊

ဖိနပ်တဖက်
နည်းပညာလွယ်အိတ် စလွယ်ချ
သွေးစွန်းစ အင်္ကျီတထည်
မှုန်ပျပျ မီးရောင်အောက်မှာ
"၈"လေးလုံးသမိုင်းအစကို
ကိုဖုန်းမော် ကိုယ်တိုင်
ခန္ဓာကိုယ်တခုလုံး
ပုံအောထည့်ပြီး
ဒီမတ်လသမိုင်းကို
ရေးချယ်လိုက်တဲ့
အဲဒီလ
မတ်လ
မတ်လက အမှတ်တရတွေနဲ့ ပြည့်နေတဲ့လ
လှချင်တိုင်း လှနေတဲ့လ။ ။

ဘိုဘိုဝင်း (အိုးဝေစက်ဘုပ္ပ)